**" ၈၁ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့" အထိမ်းအမှတ်အဖြစ် ဝါရင့်နိုင်ငံရေးလုပ်ဖော်ကိုင်ဖက်များက**
**ထုတ်ပြန်သည့် ပန်ကြားလွှာအား**
**ဗမာပြည်ကွန်မြူနစ်ပါတီ၏ ပြန်ကြားစာ**

၁၀၊ ၁၊ ၂၀၀၂။

၁။ ပန်ကြားလွှာပါ စိတ်ဓာတ်နှင့်အခြေခံကို လှိုက်လှဲစွာ ထောက်ခံကြိုဆိုပါသည်။

၂။ ၂၁ ရာစု စိန်ခေါ်ချက်များကို ရင်ဆိုင်ရန်နှင့် အခွင့်အလမ်းများကို အသုံးချရန် "အမျိုးသားညီညွတ်ရေး" လိုအပ်ကြောင်းကို သဘောပေါက်ပါသည်။

၃။ **"NLD - SPDC စကားပြောပွဲမှ နိုင်ငံရေးဆွေးနွေးပွဲသို့"။ "ရင်ကြားစေ့ရေးမှ အမျိုးသားညီညွတ်ရေးသို့"** တက်လှမ်းရပါမည်။ ချီတက်ရမည့်ခရီး ဝေးပါသည်။ အတားအဆီး အဟန့်အတား များပါသည်။

လက်မှတ်ထိုးထားသော ပုဂ္ဂိုလ်များ များပြားစွာတွေ့ရ၍ အားတက်ပါသည်။ သို့သော် စစ်အစိုးရနှင့်ပတ်သက်သူများ ပါဝင်ခြင်း မရှိသည့်အတွက် စိတ်ပျက်ပါသည်။ တိုင်းရင်းသားသွေးစည်းညီညွတ်ရေးဟု တဖွဖွပြောနေသူများက မည်သည့်အတွက် အမျိုးသားညီညွတ်ရေး တည်ဆောက်ရာတွင် မပါကြသနည်း။ သူတို့တွင် သီးခြားရည်ရွယ်ချက်ရှိ၍သာ ဖြစ်ပါလိမ့်မည်။ "၁၉၄၅ အမျိုးသား သွေးစည်းညီညွတ်ရေး" တွင် "စော စိန်မော်" တို့ မပါသလို ယခုလည်း ၎င်းအင်အားစုများ မပါကြခြင်းဖြစ်မည်ဟု ယူဆပါသည်။

၄။ "အမျိုးသားညီညွတ်ရေး" ကို မလိုလားသူများသည် ဗိုလ်နေဝင်းမရှိတော့သည့် "နေဝင်းလွန်ခေတ် " အတွက်သာ အရေးတကြီး ပြင်ဆင်နေတာ တွေ့ရပါသည်။ NLD နှင့် ရင်ကြားစေ့ရေးထက် သူတို့ထိပ်သီးချင်း ရင်ကြားစေ့ရေးကိုသာ ဇောက်ချလုပ်နေတာ တွေ့ရပါသည်။ (နအဖ) နာမည်ဖြင့် "ပြန်တမ်းများ" တခုပြီးတခု ထုတ်နေပါသည်။

ဗိုလ်နေဝင်း **"သိမ်း"**ပေးခဲ့သော နိုင်ငံရေးအာဏာကို နေဝင်းလွန်ခေတ် စစ်အုပ်စုဝင်များ ဆက်လက် **"ထိန်း"** ထားရန်သာ လုပ်နေကြောင်း ထင်ရှားနေပါသည်။

၅။ ဗမာပြည်ကွန်မြူနစ်ပါတီသည် **အမျိုးသားညီညွတ်ရေးရှိမှ ပြည်တွင်းငြိမ်းချမ်းရေးရှိ၍ ပြည်တွင်းနိုင်ငံရေး တည်ငြိမ်မည်** ဟု မမိုတ်မသုန် ယုံကြည်ပါသည်။ **"အမျိုးသားညီညွတ်ရေး"တည်ဆောက်ခြင်းကို အဟန့်အတားပြုနေသော အင်အားစုမှန်သမျှကို ဖယ်ရှားရန်** သန္နိဋ္ဌာန်ချထားပါသည်။

၆။ NLD ၏လွတ်လပ်ရေးနေ့ ဆုံးဖြတ်ချက် (၇) ရပ်နှင့်ပတ်သက်သည့် CPB ပြောရေးဆိုခွင့်ရှိသူ၏ ထုတ်ပြန်ချက်ကို သိရှိပါရန် ဤစာနှင့်အတူ ပူးတွဲပေးပို့ပါသည်။

၇။ *တိုင်းကျိုးပြည်ကျိုးကို စွမ်းအားရှိသမျှ လုပ်ဆောင်နေကြသော တိုင်းချစ်ပြည်ချစ်ပုဂ္ဂိုလ်ကြီးများ အသက်ရာကျော်ရှည်ပါစေ။
*မျိုးချစ်ပြည်ချစ် တပ်မှူးတပ်သားများ "နေဝင်းလွန်ခေတ် စစ်အုပ်စု" ၏ ဩဇာအောက်မှ ရုန်းထွက်နိုင်ကြပါစေ။
*တန်းတူသော၊ သွေးစည်းညီညွတ်သော၊ ငြိမ်းချမ်းတည်ငြိမ်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်သစ် တည်ဆောက်ရေး အောင်မြင်ပါစေ။

ဗဟိုစည်းရုံးကော်မတီ
ဗမာပြည်ကွန်မြူနစ်ပါတီ